✧ စာမျက်နှာ ၈ မှ

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ**

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့အပြင် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အခြေခံအဆောက်အအုံ (Infrastructure) ဖွံ့ဖြိုးတိုးတက်ဖို့လည်း မလွဲမသွေ လိုအပ်မှာဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှုအားနည်းရခြင်းရဲ့ အဓိက အချက်မှာ စီးပွားရေးကို မောင်းနှင်လုပ်ဆောင်နိုင်မယ့် အတတ်ပညာရှင်တွေ အားနည်းခဲ့လို့ဖြစ်ပါတယ်။ အတတ်ပညာဆိုတာ အတန်းပညာကို အခြေခံပြီး ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူစဉ်ကာလမှာ ပညာရေးနဲ့ပတ်သက်ပြီး စာသင်ကျောင်းအရေအတွက်နဲ့ ပညာရေးဝန်ထမ်းအရေအတွက်ဆိုင်ရာတွေနဲ့ လိုအပ်ချက်တွေကို လေ့လာဖော်ထုတ်ခဲ့သလို အနာဂတ်ပညာတတ်လူငယ်တွေ များပြားလာစေဖို့အတွက် Polytechnic တက္ကသိုလ်တွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ အလားတူ စိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နောင်လာမယ့် လွှတ်တော်အသီးသီးနဲ့ အစိုးရအသီးသီးမှာလည်း အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် ပညာရေးကို ဆက်လက်အားပေးဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်မှုနဲ့ ဒေသတစ်ခုနဲ့တစ်ခု ကွန်ရက်ချိတ်ဆက်နိုင်မှု၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ် အားကောင်းမှုတို့ဟာ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှုနဲ့ ရောင်းဝယ်ဖောက်ကားမှု တိုးတက်ရေးတို့အတွက် အခရာကျတဲ့လိုအပ်ချက်တွေပဲဖြစ်ပါတယ်။ ဒါတွေကို ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရတစ်ခုတည်းက ဆောင်ရွက်လို့မရဘဲ ဒေသခံပြည်သူတွေ၊ အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ဒါတွေကို အစိုးရက တည်ဆောက် အကောင်အထည်ဖော်ပေးရမှာဖြစ်သလို ဒေသခံပြည်သူအားလုံးက မပျက်စီး၊ မပျောက်ပျက်အောင်၊ မသမာသူတွေရဲ့ ဖျက်ဆီးမှု မခံရအောင် ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ လိုအပ်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ**

ကျွန်တော်တို့နိုင်ငံရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မယ့်အစီအမံတွေကို ချမှတ်ကြတဲ့အခါ စီးပွားရေးအရ၊ လုံခြုံရေးအရနဲ့ နည်းပညာအရဆိုတဲ့ မတူညီတဲ့နယ်ပယ်တွေနဲ့ လိုက်ဖက်မျှတစွာ ပေါင်းစပ်စီမံဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးအပိုင်းမှာ ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အစီအစဉ်သစ် (New World Order)နဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုတွေ လုပ်ကြရမှာဖြစ်ပါတယ်။ ဈေးကွက်တစ်ခုတည်းကို အလွန်အမင်းမှီခိုနေမှုကို လျှော့ချကြရပါမယ်။ ကုန်သွယ်ဆက်ဆံရေးတွေကို ဒေသစုံဖြန့်ကြက်နိုင်စွမ်း မြှင့်တင်ကြရပါလိမ့်မယ်။ ဖြစ်ပေါ်လာနိုင်တဲ့ ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု (Global Disruptions) တွေကြောင့် ဖြစ်လာနိုင်တဲ့ဆုံးရှုံးမှုတွေကို လျှော့ချနိုင်ဖို့အတွက်လည်း ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းမှု (Regional Economic Integration) တွေကို လုပ်ဆောင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒေသတွင်း ထုတ်လုပ်မှုကွင်းဆက်(Supply Chains) တွေကို အားကောင်းလာစေဖို့ ပူးပေါင်းပါဝင်ကြရပါမယ်။ နိုင်ငံတွေရဲ့အမျိုးသားအကျိုးစီးပွား လုံခြုံရေး အတွက် အဓိကကဏ္ဍတွေဖြစ်တဲ့ စားရေရိက္ခာ၊ စွမ်းအင်နဲ့နည်းပညာကဏ္ဍတွေလို လုပ်ငန်းတွေကို လိုအပ်သလို ဦးစားပေးရင်းနှီးမြှုပ်နှံကြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နည်းပညာနဲ့ဒစ်ဂျစ်တယ်အချုပ်အခြာ ပိုင်ဆိုင်မှုဟာလည်း အဓိကရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမယ့်ကဏ္ဍတွေပဲဖြစ်ပါတယ်။ ဝင်ရိုးစုံကမ္ဘာရဲ့ ယှဉ်ပြိုင်မှုကြီးထဲမှာ နည်းပညာဟာ အခြေခံကျတဲ့ စစ်မြေပြင်တစ်ခုလို အသွင်ဆောင်နေတယ်ဆိုတာ အားလုံးသတိပြုကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆီမီးကွန်ဒတ်တာ (Semiconductors)တွေနဲ့ ဆိုက်ဘာလုံခြုံရေးတွေဟာ အဆုံးအဖြတ်ပေးလာမယ့် နည်းပညာရပ်တွေပဲ ဖြစ်တယ်ဆိုတာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။

အဲဒီ သွင်ပြင်လက္ခဏာတွေကြောင့် နိုင်ငံတိုင်းဟာ မိမိတို့ပြည်တွင်းနည်းပညာစွမ်းရည်တွေကို တိုးတက်သည်ထက် တိုးတက်အောင် မြှင့်တင်လုပ်ဆောင်လာကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် သုတေသနလုပ်ငန်းတွေ၊ တီထွင်ဆန်းသစ်မှုတွေနဲ့ အခြေခံအဆောက်အအုံတွေအပေါ် ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးခြင်းဖြင့် နိုင်ငံရပ်ခြားနည်းပညာအပေါ် မှီခိုမှုတွေကို လျှော့ချနိုင်မှာဖြစ်သလို ဆိုက်ဘာလုံခြုံရေးနဲ့ အချက်အလက်ကာကွယ်ရေးတွေကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတကာနည်းတူ နည်းပညာပိုင်းဆိုင်ရာမှာ ရင်ပေါင်တန်းအမီလိုက်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

အလားတူ စွမ်းအင်နဲ့အရင်းအမြစ်လုံခြုံရေးဟာလည်း နောက်ထပ်စဉ်းစားရမယ့် အကြောင်းကိစ္စဖြစ်ပါတယ်။ စွမ်းအင်၊ ရေနဲ့ ရှားပါးသတ္တုတွေကို ရယူသုံးစွဲနိုင်မှုဟာ ရေရှည်တည်ငြိမ်ရေးအတွက် အလွန်အရေးကြီးတယ်ဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနဲ့ ကွဲပြားခြားနားတဲ့ အခြားသောစွမ်းအင်တွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။ ပထဝီနိုင်ငံရေးကြောင့် ပြတ်တောက်မှုတွေဖြစ်ပေါ်လာမယ့် အန္တရာယ်တွေအတွက် ကြိုတင်ဆောင်ရွက်တဲ့အနေနဲ့ ရှားပါးသတ္တုတွေနဲ့ စားနပ်ရိက္ခာဖူလုံရေးတွေကိုလည်း လုံခြုံစိတ်ချရအောင် စီမံဆောင်ရွက်ထားကြရမှာဖြစ်ပါတယ်။

ပြောင်းလဲနေတဲ့ နိုင်ငံတကာအခြေအနေတွေအောက်မှာ မြန်မာနိုင်ငံဟာလည်း စိန်ခေါ်မှုတွေနဲ့အတူ အခွင့်အလမ်းများစွာရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရဟာ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရှင်သန်ရေးနဲ့ အသွင်ကူးပြောင်းရေး လုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုကို တစ်ဖက်က ကြိုးစားဆောင်ရွက်နေသလို အခြားတစ်ဖက်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ စီးပွားရေးနဲ့အတူ လူမှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆက်စပ်ဆောင်ရွက်သွားရမှာဖြစ်လို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မှုနဲ့ လူမှုသဟဇာတဖြစ်မှုတွေကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးသွားဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံရဲ့တည်ငြိမ်မှု၊ ဒီမိုကရေစီထွန်းကားမှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ စာနာနားလည်မှု၊ ထောက်ခံအားပေးမှုနဲ့ ရိုင်းပင်းကူညီမှုတွေကို ယခုထက်ပိုမိုရရှိလာလိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ**

ယနေ့ဆွေးနွေးပွဲမှာ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ စီးပွားရေးဆိုင်ရာပညာရှင်တွေ လာရောက်ဆွေးနွေးကြတဲ့အတွက် ၂၀၂၆ ခုနှစ် မြန်မာ့မျက်နှာစာသစ်ကို ပုံဖော်တည်ဆောက်မှုမှာ များစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီဆွေးနွေးပွဲကြီးကနေ စစ်မှန်တဲ့အကြံပြုချက်တွေနဲ့ စေတနာပါတဲ့ ထောက်ပြပြောဆိုမှုတွေကို ကျွန်တော်တို့ လေးစားတန်ဖိုးထားကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင် ယခုဆွေးနွေးပွဲကြီးရဲ့ရလဒ်တွေဟာ မြန်မာနိုင်ငံရဲ့မျက်နှာစာသစ်ကို လှပစွာပုံဖော်နိုင်ဖို့ ပံ့ပိုးဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ မကြာခင်ကာလမှာ အစိုးရအဖွဲ့သစ်နဲ့အတူ မြန်မာနိုင်ငံရဲ့အရှေ့ဦး နံနက်ခင်းသစ်တစ်ခု ဒါမှမဟုတ် မျက်နှာစာသစ်တစ်ခုကို ရောက်ရှိတော့မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမှောင်တွေပြေပျောက်ပြီး ရွှေရောင်လင်းလက် အလင်းဖြာစေမယ့် ရောင်နီသစ်ချိန် ရောက်ရှိတော့မှာဖြစ်ပါတယ်။ ယခုလို မင်္ဂလာရှိတဲ့အချိန်အခါ သမယမှာ မြန်မာနိုင်ငံသားအားလုံး စည်းလုံးမှု၊ ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ လွတ်လပ်မှု စတဲ့ကောင်းကျိုးတရားများ ရရှိခံစားနိုင်ကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွတည်ထောင်အကောင်အထည်ဖော်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

> ကျွန်တော်တို့နိုင်ငံရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မယ့်အစီအမံတွေကို ချမှတ်ကြတဲ့အခါ စီးပွားရေးအရ၊ လုံခြုံရေးအရနဲ့ နည်းပညာအရဆိုတဲ့ မတူညီတဲ့နယ်ပယ်တွေနဲ့ လိုက်ဖက်မျှတစွာ ပေါင်းစပ်စီမံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးအပိုင်းမှာ ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အစီအစဉ်သစ် (New World Order)နဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုတွေ လုပ်ကြရမှာဖြစ်ပါတယ်။ ဈေးကွက်တစ်ခုတည်းကို အလွန်အမင်းမှီခိုနေမှုကို လျှော့ချကြရပါမယ်။ ကုန်သွယ်ဆက်ဆံရေးတွေကို ဒေသစုံဖြန့်ကြက်နိုင်စွမ်းမြှင့်တင်ကြရပါလိမ့်မယ်။ ဖြစ်ပေါ်လာနိုင်တဲ့ ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု (Global Disruptions) တွေကြောင့် ဖြစ်လာနိုင်တဲ့ဆုံးရှုံးမှုတွေကို လျှော့ချနိုင်ဖို့အတွက်လည်း ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှု (Regional Economic Integration) တွေကို လုပ်ဆောင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်(Supply Chains)တွေကို အားကောင်းလာစေဖို့ ပူးပေါင်းပါဝင်ကြရပါမယ်။ နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားလုံခြုံရေးအတွက် အဓိကကဏ္ဍတွေဖြစ်တဲ့ စားရေရိက္ခာ၊ စွမ်းအင်နဲ့ နည်းပညာကဏ္ဍတွေလို လုပ်ငန်းတွေကို လိုအပ်သလို ဦးစားပေးရင်းနှီးမြှုပ်နှံကြရမှာဖြစ်

○ စာမျက်နှာ ၂၄ မှ

ထို့နောက် ပြတ်တောက်ထိခိုက်သွားသော ဝဲလက်မကို ယာဘက်ခြေညှိုးဖြင့် အစားထိုးရွှေ့ပြောင်းခွဲစိတ်ကုသခြင်းကို ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံ ပါမောက္ခ ဒေါက်တာကျော်သူထွန်း (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဦးဆောင်သည့်အဖွဲ့က မတ် ၄ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ခွဲစိတ်ကုသ ဆောင်ရွက်ပေးနိုင်ခဲ့ရာ ခွဲစိတ်ကုသပြီး (၈) ရက်မြောက်နေ့ မတ် ၁၂ ရက်မှာပင် အစားထိုးလက်ချောင်းမှာ ကောင်းမွန်စွာ ရှင်သန်လှုပ်ရှားနိုင်သည့် အခြေအနေတွင် ရှိသည်။

ပြတ်တောက်သွားသည့်လက်အား ခြေညှိုးဖြင့်အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသမှုကို ပထမအကြိမ်အဖြစ် ၂၀၁၉ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ယခု ဒုတိယအကြိမ်အနေဖြင့် ၂၀၂၆ ခုနှစ် မတ် ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## တောင်ကြီးစတော်ဘယ်ရီသီးများ နယ်ပယ်ပေါင်းစုံသို့ ရောင်းချပေးနေရပြီး အရောင်းအဝယ်ကောင်းမွန်

**မန္တလေး မတ် ၁၃**

ရှမ်းပြည်နယ် တောင်ကြီး ဒေသတွင် စိုက်ပျိုးထွက်ရှိသည့် စတော်ဘယ်ရီသီးများကို နယ်ပယ်ဒေသအသီးသီးသို့ တင်ပို့ရောင်းချနေရပြီး လက်ရှိအချိန်တွင် အရောင်းအဝယ်ကောင်းမွန်နေကြောင်း တောင်ကြီးဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များထံမှ သိရသည်။

တောင်ကြီးနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ရာသီအလိုက် စိုက်ပျိုးထွက်ရှိလာသည့် စတော်ဘယ်ရီသီးများကို မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားမြို့များ အပါအဝင် နယ်ပယ်ဒေသအသီးသီးသို့ ပို့ဆောင်ရောင်းချလျက်ရှိသည်။

လက်ရှိဈေးကွက်အတွင်း စတော်ဘယ်ရီသီးများ၏ ဈေးနှုန်းမှာ ယခင်ကထက် အနည်းငယ်မြင့်တက်လာပြီး ငါးပိဿာကန်အကြီးတစ်ကန်လျှင် ငွေကျပ် ၃၀၀၀၀ ခန့်ရှိကာ ကန်အသေးတစ်ကန်လျှင် ငွေကျပ် ၁၅၀၀၀ ခန့်ဖြင့် ရောင်းချလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

စတော်ဘယ်ရီသီးများကို လက်လီဈေးကွက်များအပြင် စားသောက်ဆိုင်များနှင့် အစားအစာထုတ်လုပ်ရေးလုပ်ငန်းများမှလည်း ဝယ်ယူမှုများရှိလာသဖြင့် အရောင်းအဝယ် ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ဈေးကွက်လိုအပ်ချက်အတိုင်း နယ်ပယ်ဒေသအသီးသီးသို့ ဆက်လက်တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀

၀-၀-၀-၀-၀

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၆)သို့ တက်ရောက်

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၆)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများမရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ လယ်ယာမြေနှင့်လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အလေးထားကာ ဆောင်ရွက်သွားရေး၊ ခွင့်ပြုထားသည့်လုပ်ငန်းများကိုလည်း သတ်မှတ်ခွင့်ပြုထားသည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းရှိ၊ မရှိ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ တိုင်းဦးစီးမှူးက လယ်ယာမြေ ဥပဒေပုဒ်မ-၃၀(ခ)အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားတင်ပြလာသည့် အမှုတွဲများအား ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။




**(မန္တလေးနေ့စဉ်)**

## Soft Skill သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ



**ပြင်ဦးလွင် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် Soft Skill သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဖြစ်သော Green Challenge Association မှ ဦးအောင်မျိုးပိုင် (Human Resource Management Consultant)က သင်တန်းနှင့် ပတ်သက်သော သုံးသပ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် သင်တန်းထူးချွန်ဆု ၁၀ ဆုနှင့် ခေါင်းဆောင်မှုအကောင်းဆုံးဆုရှစ်ဆုရရှိသော ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်များနှင့် သင်တန်းဆင်း ဂုဏ်ပြုကတ်များအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ Soft Skill သင်တန်းဆင်းပွဲသို့ ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

## ကျောက်ဆည်မြို့၌ သံပရိုသီးဈေးမြင့်တက်လာသဖြင့် သံပရိုစိုက်ပျိုးရောင်းချသူများ အဆင်ပြေ

**ကျောက်ဆည် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် သံပရိုသီးဈေးနှုန်း မြင့်တက်လာသဖြင့် သံပရိုစိုက်ပျိုးရောင်းချသူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း ကျောင်းကုန်းကျေးရွာမှ သံပရိုစိုက်ပျိုးရောင်းချသည့် တောင်သူတစ်ဦးထံမှ သိရသည်။

သံပရိုသီးနှံစိုက်ပျိုးမည်ဆိုပါက အပင်ကိုင်းဖြာထွက်မှုကောင်းစေရေးနှင့် နေရောင်ခြည်အပြည့်အဝရရှိစေရန်အတွက် အပင်ခြား၊ အတန်းခြား ၅ ပေမှ ၈ ပေအကွာ စိုက်ပျိုးကြကြောင်း၊ အပင်ကြီးထွားမှုနှင့် အသီးသီးနှုန်းကောင်းစေရန်အတွက် လိုအပ်သည့်အချိန်များတွင် ဆေးဖျန်းခြင်း၊ အာမိမြေဩဇာကျွေးခြင်း၊ ရေတင်ပေးခြင်းနှင့် ပေါင်းမြက်၊ မလိုအပ်သည့် ကိုင်းများကို ရှင်းပေးရကြောင်း၊ ဂရုပြုဆောင်ရွက်ရကြောင်း၊ စိုက်ပျိုးပါက အစေ့ပျိုးနှင့်ကိုင်းကူးမျိုးဟူ၍ နှစ်မျိုးရှိကြောင်း၊ သံပရိုသီးနှံစိုက်ပျိုးသူများအနေဖြင့် အစေ့ပျိုးပင်စိုက်ပျိုးခြင်းထက် အသီးမြန်မြန်သီးသည့် ကိုင်းကူးမျိုးများ ပို၍ စိုက်ပျိုးကြကြောင်း၊ ကိုင်းကူးမျိုး စိုက်ပျိုးပါက စိုက်ပျိုးပြီး ရှစ်လအရွယ်တွင် အပွင့်များစတင်ပွင့်ပြီး တစ်နှစ်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချကြသည်။



သံပရိုသီးနှံသည် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်သည့် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ပြီး မြေနုကျွန်းများနှင့် နုန်းမြေများတွင် ကောင်းစွာဖြစ်ထွန်းကြောင်းနှင့် အစိုဓာတ်မပြတ်ရေသွင်းပေးရပြီး အပင်အပြုအစုကောင်းပါက နှစ်ပတ်လည်နီးပါးအသီးသီးကြောင်း၊ သံပရိုသီးနှံတစ်ဧကစိုက်ပျိုးထားပြီး လက်လီရောင်းချမည်ဆိုပါက နေ့စဉ်နီးပါးခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၈၅)**

ဝ-ဝ-ဝ-ဝ-ဝ

## မုံရွာဆီးသီးခြောက်များ မန္တလေးအဝယ်ဒိုင်သို့ ပို့ဆောင်ရောင်းချ

**မုံရွာ မတ် ၁၃**

တရုတ်နိုင်ငံမှ အဝယ်ရှိနေသော ဇီး(ဆီး)သီးခြောက်များကို မန္တလေးမြို့အဝယ်ဒိုင်များသို့ ပို့ဆောင်ရောင်းချကြောင်း မုံရွာမြို့ ဆီးသီးခြောက်ပွဲရုံပိုင်ရှင်ထံမှ သိရသည်။

မုံရွာမြို့ ဆီးသီးခြောက်ပွဲရုံများသို့ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများရှိ ဆီးတောင်သူများက ဇန်နဝါရီလမှစတင်ကာ ဆီးသီးခြောက်ကုန်များ ပို့ဆောင်ခြင်းဖြစ်ပြီး ဆီးသီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀နှင့် ၈၀၀ ဈေးများဖြင့် ရောင်းချတင်ပို့ပေးနေခြင်းဖြစ်သည်။

"အရင်က ဆီးသီးခြောက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေအထိ တင်ပို့တာပါ။ အခုလတ်တလောတော့ တရုတ်ကပဲ ဝယ်နေတာပါ။ ကျန်တာတွေမပို့ရပါဘူး"ဟု ဆီးသီးခြောက်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

မုံရွာမြို့ ဆီးသီးခြောက်ပွဲရုံများသည် ပိုးမပါသော ချင်းတွင်းမြစ်အထက်ပိုင်းထွက် ဆီးသီးခြောက်များကိုသာ ရယူခြင်းဖြစ်ပြီး ဆီးသီးခြောက်ကို ပိုးမစားသဖြင့် ပိုးသတ်ဆေးလုံးဝသုံးရန် မလိုအပ်သည့် သဘာဝစားသုံးကုန်ဖြစ်သောကြောင့် တရုတ်နိုင်ငံနှင့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းရှင်များက ဝယ်ယူနေခြင်းဖြစ်သည်။

"ဆီးတောင်သူတွေဆီက ဆီးသီးခြောက်တွေရောက်လာရင် ပွဲရုံထဲ ပုံထားရတယ်။ ပွဲရုံကို အခြောက် ချည်းလာတာမဟုတ်တော့ ခြောက်အောင် ပွဲရုံထဲမှာသွန်ပြီး ဖြန့်ထားရတယ်။ ဈေးကွက်ကို ပို့ရတော့မယ်ဆိုရင် ခြောက်တာသီးသန့်ရွေး၊ သန့်အောင် ဆန်ခါတိုက်ပြီး အိတ်ထည့်ပြီးမှ ပို့ရတာပါ"ဟု ဆီးပွဲရုံလုပ်သားတစ်ဦးက ပြောသည်။

ဆီးသီးခြောက်များကို ဈေးကွက်စောင့်လိုလျှင် သုံးနှစ်အထိ ပွဲရုံအတွင်း ထား၍ရပြီး ဆီးသီးခြောက်ပုံကို တစ်နှစ်လျှင် သုံးကြိမ်ခန့် အထက်၊ အောက်လှန်ပေးရန်သာလိုအပ်ကြောင်း သိရသည်။



**(အောက်ပုံ)**

**(၃၉၄)**



## မန္တလေး၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေး၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၈)

## မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဟောပြောပွဲများ၊ ပြပွဲများ ကျင်းပ

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ယနေ့နံနက် ၁၁ နာရီက ဟောပြောပွဲများ၊ ပြပွဲများ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ အိမ်တွင်းအကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ၊ အိမ်တွင်းဝင်ငွေတိုး အသိပညာပေးဟောပြောပွဲ၊ ကျန်းမာလုပအမျိုးသမီး၁၀ ဟောပြောပွဲများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်၊ စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များအား အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စင်မင်းမောင်(ပြန်/ဆက်)

၀-၀-၀-၀



## လူငယ်နှင့် အွန်လိုင်းစလော့ဂိမ်းအန္တရာယ်အကြောင်း ဆွေးနွေးပွဲပြုလုပ်

**စစ်ကိုင်း မတ် ၁၃**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျောင်းသားလူငယ်များ အွန်လိုင်းစလော့ဂိမ်းအန္တရာယ်အား သိရှိစေရန်ရည်ရွယ်၍ အွန်လိုင်းစလော့ဂိမ်းအန္တရာယ်အကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲ၌ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက မေးခွန်းမေးမြန်းသူအဖြစ်ဆောင်ရွက်ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက စလော့ဂိမ်းပေါ်ပေါက်လာပုံ၊ စလော့ဂိမ်း၏ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ ယနေ့လူငယ်များကြား အွန်လိုင်းလောင်းကစား ပျံ့နှံ့လာခြင်းအကြောင်းနှင့် လူငယ်များ စလော့ဂိမ်းအန္တရာယ်အားသိရှိပြီး ရှောင်ရှားနိုင်ရန် နည်းလမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အေးငြိမ်းစံ(ပြန်/ဆက်)

## မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းဆောင်ရွက်

**သရက် မတ် ၁၃**

သရက်ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

(ယာပုံ)



အခမ်းအနားတွင် သရက်ခရိုင်အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် ဆောင်ရန်ရှောင်ရန်များကို ဟောပြောပို့ချရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၈၀ ဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ ၃၀ဦး စုစုပေါင်း ၁၂၀ ဦး တက်ရောက်ကြပြီး မီးသတ်ယာဉ်၊ မီးသတ်ဆေးဘူးများနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြကြပြီးနောက် လက်ကမ်းစာစောင်များဝေငှကာ ခရိုင်အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌမှ ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကဆ)**

အသက်သည်
သွေး၊
သွေးသည်
အသက်။

## ရတနာပုံတက္ကသိုလ်နှင့် ယူနန်တက္ကသိုလ်တို့ ဒုတိယအကြိမ် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ် ကျင်းပ

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်နှင့် တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သည့် ဒုတိယအကြိမ် မြန်မာ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ်(The Second Myanmar-China Cultural Exchange Academic Forum)ကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ(၂)၌ ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ယူနန်တက္ကသိုလ် မြန်မာရေးရာသုတေသန(ဌာနမှူး) Mr. Kong Peng နှင့် သုတေသန စာတမ်းရှင်များ၊ FITC မှ ဥက္ကဋ္ဌ အိုက်စန်း၊ ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဒေါက်တာစက်တီနှင့် တာဝန်ရှိသူများ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း(မန္တလေး)မှ ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်တို့မှ သုတေသနစာတမ်းရှင်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်တွင် ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ယူနန်တက္ကသိုလ် မြန်မာရေးရာသုတေသန(ဌာနမှူး)Mr. Kong Peng, FITC မှ ဥက္ကဋ္ဌ အိုက်စန်းနှင့် ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဒေါက်တာ စက်တီ၊ တရုတ်မြန်မာချစ်ကြည်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဦးကျော်မင်းတို့က ဒုတိယအကြိမ် မြန်မာ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာပညာရေး ဖိုရမ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် Research Poster များနှင့် ဘာသာရပ်ဌာနများ၏ ပညာရေးအထောက်အကူပြု Table Show ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက အဖွင့်အမှာစကားနှင့် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားသည်။ ဆက်လက်၍ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က နှုတ်ဆက်စကားပြောကြားသည်။ ထို့နောက် ယူနန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ကိုယ်စား ယူနန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဘာသာဌာနမှ တွဲဖက်ပါမောက္ခ Zhang Lei က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ရတနာပုံတက္ကသိုလ်နှင့် ယူနန်တက္ကသိုလ်တို့၏ တက္ကသိုလ်အလံများကို အမှတ်တရလဲလှယ်ကြသည်။



အဆိုပါ ဒုတိယအကြိမ် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ်တွင် ယူနန်တက္ကသိုလ်မှ သုတေသနစာတမ်း ငါးစောင်၊ မန္တလေးတက္ကသိုလ်မှ သုတေသနစာတမ်း နှစ်စောင်၊ ရတနာပုံတက္ကသိုလ်မှ သုတေသနစာတမ်း ကိုးစောင်၊ မန္တလေးအဝေးသင်တက္ကသိုလ်မှ သုတေသနစာတမ်း နှစ်စောင်၊ ကျောက်ဆည်တက္ကသိုလ်မှ သုတေသနစာတမ်း တစ်စောင်နှင့် မန္တလာတက္ကသိုလ်မှ သုတေသနစာတမ်း နှစ်စောင်၊ စုစုပေါင်း ပညာရေးသုတေသနစာတမ်း ၂၁ စောင်ကို တင်သွင်းဖတ်ကြားခဲ့ကြောင်းနှင့် စာတမ်းရှင်များအား ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာနှင့် မြန်မာရေးရာသုတေသန(ဌာနမှူး) Mr. Kong Peng တို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၈၂)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

**အောင်မျိုးမြတ်(မန္တလေး)**



## ပဲပိုးတီ

ပဲပိုးတီက မြေအောက်ပင်စည် သစ်ဥ၊ သစ်ဖုအစိတ်အပိုင်း (Rhizome)ဖြစ်ပြီး အရောင်က ဖြူဝါရောင်၊ အဆစ်များဖုထစ်ပြီး ပါရှိပါတယ်။

အာဟာရနဲ့ အင်တီအောက်ဆီးဒင့်များ ပါဝင်သောကြောင့် အစာခြေလမ်းကြောင်းကို ကျန်းမာစေပါတယ်။

အသားအရေကို ကောင်းမွန်စေခြင်း၊ ဆံသားများ ကြီးထွားမှုများလာခြင်းနဲ့ လက်သည်း၊ ခြေသည်းများ သန်မာလာခြင်းတို့ ဖြစ်စေပါတယ်။

ပဲပိုးတီမှာ (Silica)ပါတဲ့အတွက် ဆံသားကျိုးပဲ့ခြင်းမဖြစ်အောင် ထိန်းသိမ်းပေးတဲ့အပြင် ဆံသားကို ပျော့ပျောင်းစေပါတယ်။

ဘီတာမင်ဘီနဲ့ Biotin ပါတဲ့အတွက် ဆံပင်ကျွတ်မှုကို ကာကွယ်ပေးပြီး ဆံသားကို သန်မာစေပါတယ်။

အမျှင်ဓာတ်ကြွယ်ဝတဲ့အတွက် အူနံရံတွေရဲ့ အစာအာဟာရစုပ်ယူမှုကို ကောင်းစေပါတယ်။ အူတွေလှုပ်ရှားမှုကောင်းစေပြီး အစာခြေစနစ်ကို ကျန်းမာစေရန် အထောက်အကူပေးပါတယ်။

Inulin ပါဝင်တဲ့အတွက် အူလမ်းကြောင်း ကျန်းမာရေးကို ပိုမိုကောင်းမွန်စေပြီး ခန္ဓာကိုယ် ခုခံနိုင်စွမ်းအားကို တိုးတက်လာစေပါတယ်။

ကယ်လ်စီယမ် ကြွယ်ဝတဲ့အတွက် အရိုးနဲ့ သွားတွေကို ကြံ့ခိုင်သန်မာစေပါတယ်။

သံဓာတ်ပါတဲ့အတွက် သွေးအားနည်းတာ၊ သံဓာတ်ချို့တဲ့တာ မဖြစ်အောင် ကာကွယ်ပေးပါတယ်။

ပိုတက်စီယမ်ပါဝင်လို့ သွေးမတိုးစေရန် ကာကွယ်ပေးနိုင်ပါတယ်။ သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး သွေးစီးဆင်းမှုကို ကောင်းစေပါတယ်။

ပရိုတိန်းပါဝင်တဲ့အတွက် အရိုးနဲ့ ကြွက်သားများကို သန်မာစေနိုင်ပြီး ကိုယ်ခံအားကောင်းစေရန် ကူညီပေးပါတယ်။ ဗီတာမင်စီ ပါဝင်နေတာကလည်း ကိုယ်ခံအားကို ကောင်းစေပါတယ်။

ဗီတာမင်စီလည်း ကြွယ်ဝတဲ့အတွက် ရောဂါပိုးတွေကို တိုက်ခိုက်ရာမှာ အကူအညီပေးတဲ့အတွက် ကိုယ်ခံအားကောင်းလာစေပါတယ်။ ခံနိုင်ရည်ရှိမှု တိုးတက်လာစေပါတယ်။

ဗီတာမင်အေ ပါဝင်နေတဲ့အတွက် မျက်လုံးကို ကျန်းမာစေပြီး အမြင်အာရုံကို ကြည်လင်စေပါတယ်။

ဗီတာမင်စီနဲ့ အင်တီအောက်ဆီးဒင့်များ ပါတဲ့အတွက် အရေပြားကို ကျန်းမာစေပြီး ဓာတ်တိုးပစ္စည်းများကြောင့် အရေပြားထိခိုက်တာ မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

အသားအရေအတွက် ကော်လဂျင်ထုတ်လုပ်နိုင်တဲ့ မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်စီလည်း ပါဝင်ပါတယ်။ အင်တီအောက်ဆီးဒင့်များ၊ (Polyphenols, Flavonoids and Anthocyanins) ပါဝင်တဲ့အတွက် ဆဲလ်များဓာတ်တိုးခြင်း၊ ပျက်စီးခြင်းတို့မှ ကာကွယ်ပေးပြီး အရေပြားကျန်းမာရေးကောင်းစေရန် ထိန်းသိမ်းပေးထားခြင်း၊ ရောင်ရမ်းမှုကို တိုက်ဖျက်ပေးခြင်း၊ လျော့နည်းစေခြင်းစတာတွေ ဖြစ်စေပါတယ်။

ခန္ဓာကိုယ် အဆိပ်အတောက်ဖြစ်ခြင်း၊ နေလောင်ခြင်းနဲ့ မျက်လုံးတစ်ဝိုက် အရေးအကြောင်းများ ထင်ခြင်းတို့မှလည်း ကာကွယ်ပေးပါတယ်။

နှလုံးရောဂါ၊ ဆီးချိုရောဂါနဲ့ ကင်ဆာရောဂါစတဲ့ နာတာရှည်ရောဂါခံစားနေရမှုကို လျော့နည်းပျောက်ကင်းသက်သာစေပါတယ်။

ပိုတက်စီယမ် ပါဝင်တဲ့အတွက် ခန္ဓာကိုယ်တွင်း ရေဓာတ်ပါဝင်မှုကို ညီမျှစေပါတယ်။ ရေဓာတ်ဆုံးရှုံးမှုကို ကာကွယ်ပေးပါတယ်။

သံဓာတ်ပါဝင်တဲ့အတွက် သွေးလည်ပတ်မှုကို မှန်ကန်စေပြီး သွေးမှတစ်ဆင့် အောက်ဆီဂျင်နဲ့ အာဟာရဓာတ်များကို အရေပြားသို့ ပို့ဆောင်နိုင်တဲ့အတွက် အရေပြားကို ကျန်းမာစေပါတယ်။

ပဲပိုးတီမှာ Tetrasaccharide Stachyose နဲ့ ကျန်းမာရေးအကျိုးပြုတဲ့ ဓာတ်ပေါင်းများ ပါဝင်နေတဲ့အတွက် ဆေးဖက်ဝင် ပဲပိုးတီဥလေးများကို မကြာခဏ စားသုံးပေးသင့်ပါတယ်။



## ဖရဲသီးစေ့

ဖရဲသီးစေ့မှာ ဖက်တီးအက်စစ်နဲ့ ပရိုတင်းဓာတ်၊ သတ္တုဓာတ်များစွာ ပါဝင်ပါတယ်။ ဗီတာမင်ဘီ၊ ဖောလိတ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနိစ်၊ သံဓာတ်၊ ဇင့်နဲ့ အခြားသတ္တုဓာတ်တွေ ပါဝင်ပါတယ်။ ဖရဲသီးစေ့ ၁၀၀ ဂရမ်မှာ ကယ်လိုရီ ၆၀၀ ရှိပါတယ်။ အမျှင်ဓာတ်ပါဝင်တဲ့အတွက် အစာခြေစနစ်ကို အထောက်အကူပြုပါတယ်။

ဖရဲသီးစေ့ ၃၀၊ ၄၀ စေ့ကို ရေဆေးပြီး ရေနှစ်လီတာနဲ့ ဆူအောင်တည်ပါ။ ဆူလာရင် သောက်လို့ရပါပြီ။ နှစ်ရက်သောက် တစ်ရက်နားနဲ့ နှစ်ပတ်ခန့် သောက်ပေးပါ။

နှစ်ရက်ဆက်တိုက်သောက်ပြီးရင် တစ်ရက်နားကို နားပေးရပါမယ်။ ဖရဲစေ့ကို အခြောက်လှန်း အမှုန့်လုပ်ပြီး ရေနွေးကြမ်းခတ်သောက်သလို သောက်လို့လည်းရပါတယ်။ သူ့ကိုလည်း နှစ်ရက်သောက် တစ်ရက်နားနဲ့ သောက်လို့ရပါတယ်။ ထိုသို့ သောက်သုံးပေးရင် အောက်ပါအကျိုးကျေးဇူးတွေကို ရရှိမှာဖြစ်ပါတယ်။

၁။ နှလုံးကျန်းမာရေးကို ကူညီပေးနိုင်ပါတယ်။

၂။ အိုမင်းရင့်ရော်မှုကို နှေးကွေးစေပါတယ်။

၃။ ဝက်ခြံတွေ ပျောက်စေပါတယ်။

၄။ ဆံပင်ကျွတ်ခြင်းကို သက်သာစေနိုင်ပါတယ်။

၅။ အရေပြားကင်ဆာဖြစ်ပွားမှုနှုန်းကို လျှော့ချပေးနိုင်ပါတယ်။

၆။ အသားအရေကို စိုပြည်စေနိုင်ပါတယ်။

၇။ ဆီးချိုကို ထိန်းပေးနိုင်ပါတယ်။

၈။ Citrulline က သွေးကြောတွေ ပုံမှန်ဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေပါတယ်။

၉။ အစာအိမ် အူလမ်းကြောင်းကျန်းမာရေး၊ ရောင်ရမ်းမှုအမျိုးမျိုး၊ အသားဝါရောဂါတွေကို သက်သာစေနိုင်ပါတယ်။

၁၀။ ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးလမ်းကြောင်း အစရှိတဲ့ ရောဂါတွေကို ကောင်းမွန်စေပါတယ်။



## သီးသီး

သီးပင်က သုံးမျိုးရှိပါတယ်။ အသီးမသီးတဲ့မျိုး၊ အသီးသီးပေမယ့် မွေးကြိုင်ပြီး အစေ့အနည်းငယ်သာပါတဲ့မျိုးနဲ့ အသီးအရွယ်အစားကြီးတဲ့မျိုးတို့ ဖြစ်ပါတယ်။

သီးသီးက အမျှင်ဓာတ်ကြွယ်ဝလို့ အူနံရံများမှ အာဟာရစုပ်ယူမှုနဲ့ အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။

လေထိုး၊ လေအောင့်ခြင်းတို့ကို သက်သာစေပြီး အစာအိမ်ကို ကျန်းမာစေပါတယ်။

ရောင်ရမ်းနေတာကို ကျစေသလို ထိခိုက်ဒဏ်ရာများကိုလည်း အနာကျက်မြန်စေပါတယ်။

အသည်းနဲ့ ကျောက်ကပ်ကို ကျန်းမာရေးကောင်းစေပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနဲ့ အခြားဓာတ်ပေါင်းများစွာ ပါဝင်နေတဲ့အတွက် ခန္ဓာကိုယ်လုပ်ငန်းဆောင်တာများ ပိုမိုလုပ်ဆောင်နိုင်ရန် အကူအညီပေးပါတယ်။

သီးသီးရဲ့ အတွင်းသားက အဆိပ်အတောက်ကို ပြယ်စေတဲ့အပြင် အသည်းနဲ့ ကျောက်ကပ်ကိုလည်း ကာကွယ်မှုပေးနိုင်ပါတယ်။

ခန္ဓာကိုယ်က ကျန်းမာပြီး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သွေးတွင်းသကြားဓာတ် အမြဲတမ်းပုံမှန်ရှိနေဖို့က အလွန်အရေးကြီးပါတယ်။ သောက်သုံးရေထဲမှာပါတဲ့ ဖလိုရိုက်က သွေးတွင်းသကြားဓာတ်ကို ပြောင်းလဲနိုင်တဲ့ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ သီးသီးမှာပါဝင်တဲ့ Saponins, Phytosterols, Flavonoids, Polyphenols နဲ့ Ascorbic Acid တို့က သွေးတွင်း သကြားဓာတ်များနေတာကို ကာကွယ်ထိန်းသိမ်းနိုင်ပါတယ်။

သီးသီးကို စားသုံးခြင်းဖြင့် ဖလိုရိုက်ကြောင့် သွေးတွင်းအချိုဓာတ်များတာကို ဟန့်တားလျော့နည်းစေနိုင်ပါတယ်။

စမ်းသပ်လေ့လာမှုများအရ သီးသီးမှာ ကင်ဆာရောဂါကို ကုသနိုင်တဲ့ Antimutagenic Properties ပါဝင်ကြောင်း သိရှိရပါတယ်။

သီးပင်အရွက် ကြိတ်ရည်ကို လိမ်းပေးခြင်းဖြင့် အရေပြားဆိုင်ရာရောဂါများကို သက်သာစေပါတယ်။

သီးပင်အမြစ်မှုန့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေရန် အသုံးပြုကြပါတယ်။ အမြစ်မှုန့်ကို ရေနဲ့ရောပြီး ဦးခေါင်းနဲ့ နဖူးကို တို့ပေးခြင်းဖြင့် ကောင်းမွန်စွာ အိပ်ပျော်စေပါတယ်။

သီးပင်ရဲ့ အရွက်၊ အမြစ်နဲ့ အသီးခွံမှာ Estragole, Coumarins, Xanthotoxin တို့ ပါဝင်တဲ့အတွက် မှိုနဲ့ ဘက်တီးရီးယားများ ကျရောက်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

သီးပင်ရဲ့အခေါက်က ရောင်ရမ်းတာကို ကာကွယ်နိုင်တဲ့ အာနိသင်ရှိပါတယ်။ သီးပင်အခေါက်နဲ့ သီးသီးအခွံအမှုန့်ကို အဆိပ်ပြေဖို့ ကုသရာမှာ အသုံးပြုပါတယ်။

အရွက်နုလေးများကို ရေဖျော်ပြီး သောက်သုံးပါက ကြို့ထိုးခြင်းနဲ့ အကြောတက်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။

အမြစ်နဲ့ အရွက်ကို ပိုးမွှားသတ်ဆေးအဖြစ် အသုံးပြုနိုင်ကြောင်းကိုလည်း စမ်းသပ်လေ့လာမှုများ ပြုလုပ်ပါတယ်။

သီးသီးအနှစ်မှာ ဓာတ်တိုးဆန့်ကျင်စွမ်းအား ပြည့်စုံတဲ့အပြင် Phenolic (38.61 mg/g) နဲ့ Ascorbic Acid (3.41 mg/g) ပါဝင်နေပါတယ်။

သီးသီးအနှစ်မှာ Phenolic ကြွယ်ဝတဲ့အတွက်ကြောင့် မုန့် (Herbal Biscuit) ပြုလုပ်ရာမှာလည်း အသုံးပြုပါတယ်။

သီးသီးအစေ့မှာ Protein (77 gm/100 gm) ကြွယ်ဝပြီး Amino Acid များအပြင် ကယ်လ်စီယမ်၊ အိုင်းယွန်း၊ ဖော့စဖောရပ်စ်များ ပါဝင်နေတဲ့အတွက် ကျန်းမာရေးကို အကျိုးပြုပါတယ်။



## မိဿလင်

မိဿလင်သည် စပ်သောအရသာရှိ၏၊ သွေးကို ကြေစေ၏၊ ဝမ်းဗိုက်ကို ဖြောင့်စေ၏၊ ဆီးကို ရှင်စေ၍ လေကို သက်စေ၏။

မြန်မာဆေးကျမ်းအလိုအရ မိဿလင်သည် သွေးကို ကြေစေတတ်၏၊ ဝမ်းကိုလည်း ဖြောင့်စေ၏။ လေနှင့် သင့်၏။

အကိုက်အခဲ၊ အကြောထုံးနာများဖြစ်ပါက မိဿလင်ဥကို ဆားအနည်းငယ်နှင့်ရော၍ ကြိတ်ပြီး ကြပ်စည်းပေးလျှင် သက်သာစေပါတယ်။

မိဿလင်ကို အရည်ညှစ်၍ ဆားအနည်းငယ် ထည့်သောက်ပေးပါက မီးယပ်ချုပ်ခြင်း ပျောက်ကင်းစေပါတယ်။

မိဿလင်ကို အရည်ညှစ်၍ ငရုတ်ကောင်းမှုန့် ထည့်လိမ်းသော် တစ်ကိုယ်လုံး (သို့မဟုတ်) ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင် အအေးပတ်ခြင်း၊ ကိုက်ခဲနာကျင်ခြင်း၊ လေမလျှောက်၍ လေးလံထိုင်းမှိုင်းခြင်းတို့ကို ပျောက်ကင်းစေနိုင်ပါတယ်။

မိဿလင်ကို ရေသင့်ရုံနဲ့ ကျို၍ သောက်သော် ပင်လယ်အူလျှောက်နာဖြစ်ခြင်း၊ ဝမ်းဗိုက်ထိုးအောင့်၍ ဝမ်းသွားခြင်းများ ပျောက်ကင်းစေနိုင်ပါတယ်။

မိဿလင်ကို နံ့နံ့စေ့ သင့်တော်ရုံရော၍ ရေထည့်ကျိုပြီး ရေတစ်ဝက်မျှ အကျန်တွင် တစ်ခွက်စာ ထမင်းစားဇွန်း နှစ်ဇွန်းမျှ သောက်သော် ဝမ်းလျှောရောဂါကို ပျောက်ကင်းစေနိုင်ပါတယ်။

မိဿလင် အစိုကို ထုချေ၍ (ရေမထည့်ရ) အိုးသစ်တွင် ထည့်ကာ ပေါင်းတိုက်ရေယူပြီး နံနက်ည ထမင်းစားဇွန်း နှစ်ဇွန်းကျ မှန်မှန်သောက်က အတွင်းလိပ်ခေါင်း ပျောက်ကင်းစေပါတယ်။

မြွေကိုက်သော် ၄င်းအရည်ကို မကြာခဏ တိုက်ပေး၍ ကိုက်သော ဒဏ်ရာကို လိမ်းပေးနိုင်ပါတယ်။

ထိခိုက်ဒဏ်ရာနဲ့ အကိုက်အခဲ အကြောထုံးနာတို့ဖြစ်လျှင် မိဿလင်ဥကို ကြိတ်၍ ကြပ်စည်းပေးပါက သက်သာစေနိုင်ပါတယ်။

အသက်ကြီးသောသူများတွင် ဖြစ်ပေါ်တတ်သည့် ဒူးခေါင်းရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ ခြေမျက်စိရောင်ခြင်းများအတွက် မိဿလင်မြစ် ဥကို ထုထောင်း၍ ကြပ်စည်းပေးလျှင် ပျောက်ကင်းစေနိုင်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား – Tik Tok**

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဂရေဟမ်ပေါ်တာ ဆွီဒင်အသင်းနှင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆို




**လန်ဒန် မတ် ၁၃**

ဆွီဒင်အသင်းသည် နည်းပြ ဂရေဟမ်ပေါ်တာအား ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် ဆွီဒင်အသင်းကို ယာယီနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နှစ်ပွဲကိုင်တွယ်ပြီးနောက် အမြဲတမ်းနည်းပြအဖြစ် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြ ဂရေဟမ်ပေါ်တာသည် အသင်းကို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် ဆွီဒင်အသင်းက ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၅၀)နှစ်အရွယ်ရှိ နည်းပြ ဂရေဟမ်ပေါ်တာက "ကျွန်တော့်ကိုအခုလို ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းကို အောင်မြင်မှုတွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## ဖီးလစ်စ်နမီချာ ဒေါ့မွန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**မြူးနစ် မတ် ၁၃**

ဒေါ့မွန်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဖီးလစ်စ်နမီချာကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ ပွဲကစားပြီး ၁၃ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဖီးလစ်စ်နမီချာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## ဖယ်မီအာဇီးဇ်အား ခေါ်ယူရန် ခရစ္စတယ်ပဲလေ့စ်အသင်း စီစဉ်

**လန်ဒန် မတ် ၁၃**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် မီလ်ဝေါအသင်းမှ တိုက်စစ်မှူး ဖယ်မီအာဇီးဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မီလ်ဝေါအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၆ ပွဲကစားပြီး ၁၁ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(ယာပုံ)**



မီလ်ဝေါအသင်းကလည်း ဖယ်မီအာဇီးဇ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် မီလ်ဝေါအသင်းထံမှ ဖယ်မီအာဇီးဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ရီဒင်းအသင်းသည် အက်စတွန်ဗီလာအသင်း တောင်ပံကစားသမား ကာဒန်ယန်းအား အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

* ဘာစီလိုနာအသင်းသည် စထရာဘော့စ်အသင်း တောင်ပံကစားသမား ဂျက်ဆီမီယာစင်းအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

## 2026 BNP Paribas Open **တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့** Aryna Sabalenka **တက်ရောက်**

**မိုင်ယာမီ မတ် ၁၃**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဘီလာရုတင်းနစ်မယ် Aryna Sabalenka တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ကနေဒါတင်းနစ်မယ် Victoria Mboko အား ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘီလာရုတင်းနစ်မယ် Aryna Sabalenka နှင့် ချက်တင်းနစ်မယ် Linda Noskova တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၃-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၁၀)လိုရီယန့် - လန်းစ်(၂)<br>(W,D,D,L,D) (W,L,D,W,W) | လိုရီယန့် ၀-၀ လန်းစ်<br>လန်းစ် ၂-၀ လိုရီယန့် |
| ၁၅-၃-၂၀၂၆<br>နံနက် ၀၀း၃၀ နာရီ | (၁၁)အန်ဂါးစ် - နိစ်(၁၅)<br>(W,L,L,L,W) (L,D,L,W,L) | အန်ဂါးစ် ၁-၄ နိစ်<br>နိစ် ၂-၁ အန်ဂါးစ် |
| ၁၅-၃-၂၀၂၆<br>နံနက် ၀၂း၃၅ နာရီ | (၇)မိုနာကို - ဘရက်စ်(၉)<br>(L,W,D,W,W) (W,D,W,W,W) | မိုနာကို ၃-၂ ဘရက်စ်<br>ဘရက်စ် ၂-၁ မိုနာကို |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၃-၂၀၂၆<br>ည ၉း၃၀နာရီ | (၁၉)ဘန်လေ - ဘုန်းမောက်(၉)<br>(W,L,D,L,L) (D,W,D,D,D) | ဘန်လေ ၀-၂ ဘုန်းမောက်<br>ဘုန်းမောက် ၂-၁ ဘန်လေ |
| " | (၁၁)ဆန်းဒါးလန်း - ဘရိုက်တန်(၁၄)<br>(W,L,D,W,L) (L,L,W,W,L) | ——— |
| ၁၅-၃-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၁)အာဆင်နယ် - အဲဗာတန်(၈)<br>(W,W,W,W,D) (W,L,L,W,W) | အာဆင်နယ် ၀-၀ အဲဗာတန်<br>အဲဗာတန် ၁-၁ အာဆင်နယ် |
| " | (၅)ချဲလ်ဆီး - နယူးကာဆယ်(၁၂)<br>(D,L,W,W,L) (W,L,W,L,D) | ချဲလ်ဆီး ၂-၁ နယူးကာဆယ်<br>နယူးကာဆယ် ၂-၀ ချဲလ်ဆီး |
| ၁၅-၃-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၁၈)ဝက်စ်ဟမ်း - မန်စီးတီး(၂)<br>(W,D,L,W,W) (W,W,D,W,L) | ဝက်စ်ဟမ်း ၁-၃ မန်စီးတီး<br>မန်စီးတီး ၄-၁ ဝက်စ်ဟမ်း |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၃-၂၀၂၆<br>ည ၈း၃၀ နာရီ | (၁)အင်တာမီလန် - အတ္တလန်တာ(၇)<br>(W,L,W,D,L) (W,L,D,D,L) | အင်တာမီလန် ၄-၀ အတ္တလန်တာ<br>အတ္တလန်တာ ၀-၂ အင်တာမီလန် |
| ၁၄-၃-၂၀၂၆<br>ည ၁၁း၃၀ နာရီ | (၃)နာပိုလီ - လက်ချီ(၁၆)<br>(L,D,L,W,W) (W,W,L,L,W) | နာပိုလီ ၁-၀ လက်ချီ<br>လက်ချီ ၀-၁ နာပိုလီ |
| ၁၅-၃-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | (၁၁)အူဒီးနီစ် - ဂျူဗင်တပ်(၆)<br>(L,L,L,W,D) (L,L,W,D,W) | အူဒီးနီစ် ၀-၂ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၂-၀ အူဒီးနီစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၃-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၅)ဂျီရိုနာ - ဘီလ်ဘာအို(၁၀)<br>(D,W,D,L,D) (W,W,D,L,L) | ဂျီရိုနာ ၂-၁ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၃-၀ ဂျီရိုနာ |
| ၁၄-၃-၂၀၂၆<br>ည ၉း၄၅ နာရီ | (၃)အက်သလက်တီကို - ဂီတာဖေး(၉)<br>(W,W,L,W,W) (W,W,L,W,W) | အက်သလက်တီကို ၁-၀ ဂီတာဖေး<br>ဂီတာဖေး ၂-၁ အက်သလက်တီကို |
| ၁၅-၃-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၂၀)အိုဗီဒို - ဗလင်စီယာ(၁၂)<br>(L,D,L,L,D) (L,W,L,W,W) | ——— |
| ၁၅-၃-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | (၂)ရီးရဲလ်မက်ဒရစ် - အယ်လ်ချီ(၁၇)<br>(L,W,L,W,W) (L,D,L,D,L) | ရီးရဲလ်မက်ဒရစ် ၄-၀ အယ်လ်ချီ<br>အယ်လ်ချီ ၀-၃ ရီးရဲလ်မက်ဒရစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၃-၂၀၂၆<br>ည ၉း၀၀ နာရီ | (၆)လေဗာကူဆင် - ဘိုင်ယန်မြူးနစ်(၁)<br>(D,D,W,D,D) (W,W,W,W,W) | လေဗာကူဆင် ၀-၀ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၁-၁ လေဗာကူဆင် |
| " | (၂)ဒေါ့မွန် - အော့စ်ဘတ်(၉)<br>(W,D,L,L,W) (L,W,W,W,L) | ဒေါ့မွန် ၀-၁ အော့စ်ဘတ်<br>အော့စ်ဘတ် ၂-၁ ဒေါ့မွန် |
| " | (၇)ဖရန့်ဖတ် - ဟိုင်ဒန်ဟိမ်း(၁၈)<br>(D,W,L,W,D) (L,L,D,L,L) | ဖရန့်ဖတ် ၃-၀ ဟိုင်ဒန်ဟိမ်း<br>ဟိုင်ဒန်ဟိမ်း ၀-၄ ဖရန့်ဖတ် |
| " | (၃)ဟော်ဖန်ဟိမ်း - ဝုဖ်ဘတ်(၁၇)<br>(L,W,D,L,W) (L,D,L,L,L) | ဟော်ဖန်ဟိမ်း ၀-၁ ဝုဖ်ဘတ်<br>ဝုဖ်ဘတ် ၃-၀ ဟော်ဖန်ဟိမ်း |
| ၁၅-၃-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၁၀)ဟမ်းဘတ် - ကိုလုံး(၁၄)<br>(W,D,L,L,W) (L,L,D,L,L) | ဟမ်းဘတ် ၂-၁ ကိုလုံး<br>ကိုလုံး ၃-၀ ဟမ်းဘတ် |

